# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၂ / ၂၀၁၉ )

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၉) အား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း **နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၃) ခု၊ အတည်ပြုလုပ်ငန်း (၁၁) ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်း များအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်း(၃)ခု၊ အတည်ပြုလုပ်ငန်း (၃) ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၈) ခုခွင့်ပြုခဲ့ပြီး ဖြစ်ပါသဖြင့် ယခုအစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း (၁၄)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၆၀.၆၅၅) သန်းကို ခွင့်ပြု/အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ **ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁၆၈၄) ဦး** ကိုဖန်တီး ပေးမည်ဖြစ်ပြီး ယခင်ခွင့်ပြုပြီး လုပ်ငန်း များမှ **ပြည်တွင်းလုပ်သား အင်အားတိုးမြှင့်မှုမှာ (၁၀၀၀) ဦး** ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း (၁၄) ခုမှာစက်မှုကဏ္ဍမှ (၁၁) ခု၊မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှ (၁) ခုနှင့်အခြားကဏ္ဍမှ (၂)ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ (၄) ရက်နေ့အထိ **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၉၂)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၀၃၂.၂၁၅) သန်းဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၁၄၉၆.၆၉၈) သန်း ဖြစ်ပါသည်။

**အထူး စီးပွားရေးဇုန် ဥပဒေအရ** ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ ဖေဖော်ဝါရီလ (၄) ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၀၂.၀၇၀) သန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ ဖေဖော်ဝါရီလ (၄) ရက်နေ့ အထိ **စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ** အမေရိကန်ဒေါ်လာ (၁၅၉၈.၇၆၈) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm